# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆန်မှုန့်ပုံပြင် (ဗီယက်နမ် ရိုးရာပုံပြင်) | ၆ |
| ၂။ | ညီနောင်လေးဖော် (အိန္ဒိယနိုင်ငံအရှေ့ပိုင်းမှ ရိုးရာပုံပြင်) | ၉ |
| ၃။ | ' ငှက်အားလုံး 'အတွက် သင်ခန်းစာ (ဆွာဇီလန် ရိုးရာပုံပြင်) | ၁၈ |
| ၄။ | ငှက်ကျားအသွင် ပြောင်းသွားသူများ (အီရန်(ပါရှား)ပုံပြင်) | ၂၄ |
| ၅။ | အရပ်ဆန်းနှင့် ကြိုးကြာငှက်များ (ကင်ညာနိုင်ငံ၊ လျှုလူမျိုး ရိုးရာပုံပြင်) | ၃၂ |
| ၆။ | ဟက်ဆန်နယ်သို့ ဆိတ်များရောက်ရှိလာပုံ (ဂျာမနီနိုင်ငံအနောက်အလယ်ပိုင်းရှိ ဟက်ဆန်နယ်မှ ရိုးရာပုံပြင်) | ၃၈ |
| ၇။ | ကျီး၏လက်ဆောင်မွန် (မြောက်အမေရိကတိုက်၊ အီရိုကွိုးမျိုးနွယ်စု ရိုးရာပုံပြင်) | ၄၀ |
| ၈။ | ပွေး၏မူလအစ (ယူကရိန်း ရိုးရာပုံပြင်) | ၄၅ |
| ၉။ | မြေခွေး၏အစေခံ (ဖင်လန် ရိုးရာပုံပြင်) | ၄၈ |
| ၁၀။ | လင်းနို့နှင့် ကြွက်မများ (ဩစတြေးလျမှ အဘော်ရီဂျင်းမျိုးနွယ်စုများ၏ ရိုးရာပုံပြင်) | ၅၂ |
| ၁၁။ | ငှက်ပြာနှင့် ကျိုင်ယုတ်တီးဝံပုလွေ (ချီရောကီးအင်ဒီးယန်း ရိုးရာပုံပြင်) | ၅၇ |
| ၁၂။ | သမင်နှင့် ဂျက်ဂွားကျားသစ် (ဘရာဇီး ရိုးရာပုံပြင်) | ၆၂ |
| ၁၃။ | ဆိုးဆေးပေကျံနေသောခွေးအ (ပါကစ္စတန်နိုင်ငံ၊ အိန္ဒုမြစ်ဝှမ်းအထက်ပိုင်းဒေသမှ ရိုးရာပုံပြင်) | ၆၇ |
| ၁၄။ | ကောင်းကင်ဘုံမှ ဧရာမဗူးသီး (လာအို ရိုးရာပုံပြင်) | ၆၉ |
| ၁၅။ | ဂန်ဂျီယအမည်တူသုံးဦးအကြောင်း (တရုတ်ပြည်၊ စီချွမ်ပြည်နယ်မှ တိဘက်လူမျိုးများ၏ ရိုးရာပုံပြင်) | ၇၂ |
| ၁၆။ | မျောက်လက်မဲနှင့်ဖား (အာဖရိကအလယ်ပိုင်းဒေသ၊ ဘန်တူလူမျိုး ရိုးရာပုံပြင်) | ၇၈ |
| ၁၇။ | ကျားနှင့်အရိပ် (မလေးရှား ရိုးရာပုံပြင်) | ၈၀ |
| ၁၈။ | သက်တန့်လမ်း (အယ်လ်ဂွန်ကွင်းအင်ဒီးယန်းလူမျိုးများ၏ ရိုးရာပုံပြင်) | ၈၃ |
| ၁၉။ | အဘယ်ကြောင့် လေး ခုန်ဆွခုန်ဆွ သွားသနည်း (နီပေါ ရိုးရာပုံပြင်) | ၈၈ |
| ၂၀။ | တံငါသည်၏သားနှင့် ဘီလူး (လတ်ဗီးယား ရိုးရာပုံပြင်) | ၉၂ |


# စကားဦး

ကလေးတို့ရေ . . .

' ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် ' စာအုပ်ဟာ အခုဆိုရင် အမှတ် ၃ ကို ရောက်ရှိလာပါပြီ။ အရင်စာအုပ်တွေလိုပဲ ဒီစာအုပ်မှာပါတဲ့ပုံပြင်တွေဟာ ကမ္ဘာတစ်လွှားက နိုင်ငံအသီးသီးမှာ ထွန်းကားခဲ့တဲ့ ရိုးရာပုံပြင်တွေ ဖြစ်ပါတယ်။ တချို့ပုံပြင်တွေဟာ ကလေးတို့ ကောင်းစွာ ရင်းနှီးကျွမ်းဝင်ပြီးသား၊ သိရှိပြီးသားပုံပြင်တွေနဲ့ ဆင်တူနေတဲ့ပုံပြင်တွေ ပါဝင်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေက ပုံပြင်တွေဟာ ခရီးသွားတွေ၊ ကုန်သည်တွေ၊ ပုံပြောဆရာတွေကနေတစ်ဆင့် ဝေးလံတဲ့ အရပ်ဒေသက အခြားတိုင်းပြည်တွေဆီကို ပျံ့နှံ့ရောက်ရှိသွားပါတယ်။ တချို့ပုံပြင်တွေဟာဆိုရင် သူတို့စတင်ပေါ်ထွန်းခဲ့တဲ့ မူရင်းတိုင်းပြည်နဲ့ မတူတော့ဘဲ ရောက်ရှိသွားတဲ့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေနဲ့ ရောယှက်ပြီး အဲဒီနိုင်ငံရဲ့ ရိုးရာပုံပြင်တွေအဖြစ် ကူးပြောင်းသွားပါတယ်။

ဦးဦးတို့ ငယ်ငယ်တုန်းကဆိုရင် စာရေးဆရာမကြီး ' နုယဉ် ' ရေးသားခဲ့တဲ့ ပုံပြင်တွေကို အရမ်းကြိုက်နှစ်သက်ခဲ့တယ်။ ဆရာမကြီးက မြန်မာပုံပြင်တွေအပြင် ကမ္ဘာနိုင်ငံပေါင်းစုံက ပုံပြင်တွေကိုလည်း အများအပြား ဘာသာပြန်ဆို ရေးသားခဲ့ပါတယ်။ ဆရာမကြီးပြန်ဆိုခဲ့တဲ့ ကမ္ဘာ့ပုံပြင်တွေ အများအပြား ဖတ်ခဲ့ရဖူးတယ်။ ပုံပြင်တိုင်းမှာ ဘယ်နိုင်ငံက ပုံပြင်ဆိုတာ ဖော်ပြထားတယ်။ ပုံပြင်တွေထဲက တစ်ပုဒ်ကတော့ နည်းနည်းထူးဆန်းတယ်။ အဲဒီပုံပြင်က ' ယူကရိန်း ' ပုံပြင်တဲ့။ အဲဒီအချိန်တုန်းက ယူကရိန်းဆိုတာကို ဦးဦး လုံးဝမကြားဖူးခဲ့ဘူး။ ဒါပေမယ့် ဒီအမည်ကိုတော့ စွဲနေအောင် မှတ်မိနေတယ်။ နောက် အရွယ်ရောက်လာတဲ့အခါကျမှ ယူကရိန်းအကြောင်းကို သိခဲ့ရတယ်။ ဒီတော့မှ ယူကရိန်းဟာ ဥရောပတိုက်မှာရှိတဲ့ တိုင်းပြည်တစ်ခုဆိုတာကိုရော၊ တစ်ချိန်တုန်းက တိုင်းတစ်ပါးလက်အောက်မှာ ကျရောက်နေခဲ့တယ်ဆိုတာကိုရော သိရှိခဲ့ရတယ်။

ဒီစာအုပ်မှာ ' ပွေးရဲ့မူလအစ ' ဆိုတဲ့ ယူကရိန်းပုံပြင်လည်း ပါဝင်ပါတယ်။ ယူကရိန်းအပြင် အခြားဥရောပနိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ ဖင်လန်နဲ့ လတ်ဗီးယားနိုင်ငံတွေက ပုံပြင်တွေလည်း ပါဝင်ပါသေးတယ်။

ဦးဦးတို့ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ ဆရာမကြီး ' နုယဉ် ' ရဲ့ နောက်ထပ်ပုံပြင်တစ်ပုဒ်အကြောင်း ပြောပြဦးမယ်။ အဲဒီပုံပြင်ရဲ့နာမည်က အရမ်းထူးခြားတယ်။ ' ဂျဖီးနှင့် ဂျဖီလာ ' တဲ့။ ' ဂျဖီး ' ဆိုတာ ဘာလဲ။ ' ဂျဖီလာ ' ဆိုတာ ဘာလဲ။ တကယ်ကို အံ့ဩစရာကောင်းတယ်။ ထူးထူးဆန်းဆန်းအမည်တွေပေါ့။ ပုံပြင်ကို ဖတ်ကြည့်လိုက်တော့မှ ' ဂျဖီး ' ဆိုတဲ့ ကောင်လေးနဲ့ ' ဂျဖီလာ ' ဆိုတဲ့ ကောင်မလေးတို့အကြောင်းဆိုတာ သိလိုက်ရတယ်။ ပုံပြင်က အာဖရိကပုံပြင်တဲ့။ အာဖရိကတိုက်ကြီးက အကြီးကြီးဖြစ်ပြီး နိုင်ငံတွေကလည်း အများကြီး၊ လူမျိုးတွေကလည်း အများကြီးမို့ ဒီပုံပြင်က အာဖရိကတိုက်ရဲ့ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးရဲ့ ပုံပြင်ဆိုတာကိုတော့ သေသေချာချာ မသိရဘူးပေါ့။ ဒါပေမယ့် အဲဒီပုံပြင်ကိုဖတ်ရင်း အာဖရိကတိုက်က လူတွေဟာ ဒီလိုအမည်တွေ ပေးတတ်ပါလားဆိုတာကို သိလိုက်ရတယ်။

ဒီစာအုပ်မှာ အာဖရိကတိုက်က ပုံပြင်သုံးပုဒ် ပါဝင်ပါတယ်။ အာဖရိကတိုက်က ဆွာဇီလန်နိုင်ငံက ပုံပြင်တစ်ပုဒ်ရယ်၊ ကင်ညာနိုင်ငံ၊ လျှုလူမျိုးစုတွေရဲ့ ပုံပြင်တစ်ပုဒ်ရယ်၊ အာဖရိကတိုက်အလယ်ပိုင်းက ဘန်တူလူမျိုးတွေရဲ့ ပုံပြင်တစ်ပုဒ်ရယ် ဖြစ်ပါတယ်။

' ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် ၃ ' စာအုပ်မှာ ဥရောပတိုက်နဲ့ အာဖရိကတိုက်က ပုံပြင်တွေတင် မကပါဘူး။ အာရှတိုက်က ပုံပြင် ၈ ပုဒ်၊ ဩစတြေးလျတိုက်က ပုံပြင် ၁ ပုဒ်၊ မြောက်အမေရိကတိုက်က ပုံပြင် ၂ ပုဒ်နဲ့ တောင်အမေရိကတိုက်က ပုံပြင် ၂ ပုဒ်လည်း ပါဝင်ပါသေးတယ်။ ဒီစာအုပ်မှာ ပုံပြင်စုစုပေါင်း အပုဒ် ၂၀ ပါဝင်တာပေါ့ကွယ်။ ပုံပြင်တစ်ပုဒ်ချင်းစီရဲ့ရှေ့မှာ ပုံပြင်ပေါ်ထွန်းရာ တိုင်းပြည်တွေရဲ့အကြောင်း၊ ပုံပြင်ထဲမှာပါတဲ့ ထူးခြားတဲ့ အကြောင်းအရာတွေကို ပြောပြထားပါတယ်။ ပုံပြင်တွေအားလုံးဟာ ကမ္ဘာပတ်လည်က ပုံပြင်တွေဖြစ်တဲ့အတွက် ပုံပြင်တွေကိုဖတ်ရင်း နိုင်ငံအသီးသီးက ဗဟုသုတတွေကိုပါ တစ်ပါတည်း ရရှိမှာဖြစ်ပါတယ်။ ' ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် ၃ ' စာအုပ်ကိုဖတ်ရင်း ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ။

မိုးဇော်စိုး

